# ထိရောက်သော အသိပညာမျှဝေသည့် မဟာဗျူဟာ ကျင့်သုံးနိုင်ရန် ဆောင်ရွက်ခြင်း

အရင်းအမြစ်ဌာနကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးဆောင်သော်လည်း မြို့နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနနှင့် အခြားမြို့နယ်ဦးစီးဌာနများ၏ ပံ့ပိုးမှုလည်း လိုအပ်ပါသည်။ သို့မှသာ အခြား ဆက်စပ် သော စာရွက်စာတမ်းအများအပြားကို လွယ်လင့်တကူ ရရှိနိုင်မည်ဖြစ်ပါသည်။ စာရွက်စာတမ်းများသည် အရင်းအမြစ်ဌာနသို့ အချိန်မီ ရောက်ရှိစေရေးအတွက် ထိရောက်သော အသိပညာ မျှဝေသည့် မဟာဗျူဟာတစ်ရပ် ချမှတ်ရေးသည် တွေ့ကြုံနိုင်သော စိန်ခေါ်မှုတစ်ရပ် ဖြစ်ပါသည်။

အရင်းအမြစ် အများစုမှာ မြို့နယ်အတွင်း ရရှိနိုင်သော်လည်း ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်သော မိတ်ဖက် အဖွဲ့ အစည်းများနှင့် နိုင်ငံတော်အစိုးရမှ ပြုစုထုတ်ဝေသော ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာ စာအုပ်စာတမ်းများလည်း အများအပြား ရှိနေပါသည်။ စာအုပ်စာတမ်းအသစ်များကိုလည်း ဆက်လက်ပြုစုလျက် ရှိပါသည်။ ထို့ကြောင့် သတင်းအချက်အလက် အရင်းအမြစ်ဌာနအနေဖြင့် ယင်း စာအုပ်စာတမ်းများကို ရယူရန် ထိရောက်သော အစီအမံတစ်ရပ် လိုအပ်ပါသည်။ ယင်းအစီအမံသည်လည်း မြန်မာနိုင်ငံအတွင်း လက်ရှိ ဆောင်ရွက်နေသည့် စနစ်များအပေါ်တွင် ဆက်လက်ဆောင်ရွက်ရမည့် အစီအမံ ဖြစ်ရပါမည်။

မြန်မာနိုင်ငံတစ်ဝန်းရှိ ဘေးအန္တရာယ်ကြုံတွေ့ရနိုင်သော မြို့နယ်များတွင် သတင်းအချက်အလက် အရင်းအမြစ် ဌာနများ ဖွင့်လှစ်ထားရှိရေးအတွက် ဖြစ်နိုင်ခြေရှိသည့် ဘက်စုံ ယန္တရားတစ်ရပ်ကို အောက်တွင် ဖော်ပြထား ပါသည်။




# စာဖတ်သူများ လာရောက်ဖတ်ရှုနိုင်ကြစေရန် ဆောင်ရွက်ခြင်း

သတင်းအချက်အလက် ရရှိရေးနှင့် အသိပညာ စီမံခန့်ခွဲရေးတို့မှာ အရင်းအမြစ်ဌာန၏ စိန်ခေါ်မှု အခက်အခဲများ အနက် တစ်ဝက်မျှသာ ရှိပါသေးသည်။ စာကြည့်တိုက်ရှိ စာအုပ်စင်များပေါ်၌ ကွမ်းခြံကုန်းမြို့နယ်အတွက် ဦးတည် ရည်ရွယ်သည့် ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာ အရေးကြီးသော သတင်းအချက် အလက်များ ပြည့်စုံစွာ ထားရှိနိုင်သည်နှင့် တစ်ပြိုင်နက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် အဆိုပါ သတင်းအချက်အလက်များ ရပ်ရွာသို့ လက်လှမ်းမီရောက်ရှိရေးကို ဆောင်ရွက်ပါမည်။

မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် အရင်းအမြစ်ဌာနသို့ လာရောက်သူများကို မည်သို့ တိုက်တွန်း အားပေးနိုင်ပါသနည်း။ ကွမ်းခြံကုန်းမြို့နှင့် ပတ်ဝန်းကျင်ရှိ ရပ်ရွာလူထုများအနေဖြင့် ဤအရင်း အမြစ်ဌာနတွင် သတင်းအချက်အလက်များ လာရောက်လေ့လာနိုင်ရန် ရွေ့လျားစာကြည့်တိုက်နှင့် လစဉ် အသိပညာပေး ဟောပြောပွဲများမှတဆင့် စည်းရုံးအသိပေးနိုင်ပါသည်။ "ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရဲ့ ဆန်းသစ် တီထွင် ဖန်တီးမှုများနဲ့ ဒီအရင်းအမြစ်ဌာနကို အများသိအောင် စည်းရုံးလှုံ့ဆော်နိုင်ပြီး ရရှိတဲ့ သတင်းအချက်အလက်များကိုလည်း ပိုပြီး မျှဝေပေးနိုင်မှာ ဖြစ်ပါတယ်။" ဟု ACTED မှ အစီအစဉ် ညှိနှိုင်းရေးမှူး ဦးဂျွန်အောင်က ရှင်းလင်းပြောကြားပါသည်။ ACTED နှင့် စွမ်းရည်ဖွံ့ဖြိုးမှုဖောင်ဒေးရှင်းတို့သည် ကွမ်းခြံကုန်းမြို့နယ်တွင် ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေ လျှော့ချရေးလုပ်ငန်းများကို မကြာသေးမီနှစ်များကပင် ဆောင်ရွက်လျက် ရှိပါသည်။ ACTED နှင့် စွမ်းရည်ဖွံ့ဖြိုးမှုဖောင်ဒေးရှင်းတို့ ပူးပေါင်း ပို့ချခဲ့သည့်သင်တန်းများ၊ မြို့နယ်သဘာဝဘေး စီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းပုံ၊ လုပ်ငန်းဆောင်ရွက်မှု၊ စာသင်ကျောင်းအခြေပြု ဘေးအန္တရာယ် ကြောင့် ဆုံးရှုံးနိုင်ခြေ လျှော့ချရေးလုပ်ငန်းများ အစရှိသည့် သတင်းအချက်အလက်များကို ဤအရင်းအမြစ်ဌာနတွင် စုစည်းပေးထားပါသည်။

# အများပြည်သူအား အသိပညာ ပေးမှုကို မြှင့်တင်ခြင်းဖြင့် ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေကို လျှော့ချရေး

"ကျေးရွာထိခိုက်မှုလျှော့ချရေး၊ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရေးနဲ့ အရေးပေါ်စီမံချက် အစရှိတဲ့ ဘေးအန္တရာယ် ကြောင့် ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနဲ့ ပတ်သက်တဲ့ စာအုပ်စာတမ်းတွေကို ဖတ်ရှုနိုင်မယ် ဆိုရင် ပြည်သူလူထုရဲ့ သိမြင်နားလည်မှု တိုးတက်လာမှာ သေချာပါတယ်၊ သတင်းအချက်အလက် ရယူအသုံးပြုနိုင်မှုဟာ ဘေးအန္တရာယ် ကြောင့် ဆုံးရှုံးနိုင်ခြေ လျှော့ချရေးအတွက် အရေးကြီးတဲ့ အစိတ်အပိုင်းပါပဲ၊ "ဟု စွမ်းရည် ဖွံ့ဖြိုးမှုဖောင်ဒေးရှင်းမှ Program Assistant ဒေါ်ခေမာစန်းက ပြောကြားပါသည်။

မြို့နယ် သတင်းအချက်အလက် အရင်းအမြစ်ဌာနသည် ရပ်ရွာအတွက် နည်းလမ်းအမျိုးမျိုးဖြင့် အကျိုးကျေးဇူး ဖြစ်ထွန်းမည်ဟု မျှော်လင့်ပါသည်။ ဤအရင်းအမြစ်ဌာနကို တည်ထောင်ခြင်းဖြင့် ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာ သတင်းအချက်အလက်များကို ပိုမိုဖြန့်ဖြူးပေးနိုင်ပြီး မြို့နယ်နှင့် ပတ်ဝန်းကျင်ရှိ ကျေးရွာများ အကြား ရေရှည် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်း၊ ပိုမိုအားကောင်းသော ချိတ်ဆက်မှုများ ပြုလုပ်ခြင်းတို့တွင် ပံ့ပိုးပေးနိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံရှိ အခြားသော မြို့နယ်များအတွက်လည်း မြို့နယ် အဆင့် ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေ လျှော့ချရေး လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ပိုမို ကောင်းမွန်အောင် ဆောင်ရွက်နိုင်ရေးအတွက် စံနမူနာပြ ဖြစ်နိုင်မည်ဟုလည်း မျှော်လင့်ပါသည်။ ထို့အပြင် ဤအရင်းအမြစ်ဌာနမှာ နိုင်ငံတော် အစိုးရပိုင်ဖြစ်ခြင်းကြောင့် မြို့နယ်အာဏာပိုင်များသာမက ပြည်သူများကလည်း သွားရောက် အသုံးပြုနိုင်ပါသည်။ ထို့အပြင် ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများမှ ပြုစုထားသည့် သတင်းအချက်အလက်များအား စုဆောင်းသိမ်းဆည်းထားရှိနိုင်မှုကို ပိုမိုကောင်းမွန်စေရန်အတွက်လည်း ဤအရင်းအမြစ်ဌာနအနေဖြင့် ရည်ရွယ်ပါသည်။ ဤနည်းအားဖြင့် အခြားအဖွဲ့အစည်းများ၏ လုပ်ငန်း စီမံချက်များ ပြီးဆုံးသည့်အခါတွင်လည်း ၎င်းတို့ပြုစု ထုတ်ဝေထားသော သတင်းအချက်အလက်များ ဆုံးရှုံးမှုမှ တားဆီးကာကွယ် နိုင်မည်ဖြစ်ပါသည်။ ■

# ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးဆိုင်ရာ သတင်းအချက်အလက်များကို ရေရှည်တည်တံ့စေခြင်း: ပြည်တွင်းရှိ ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာ သတင်းအချက်အလက် အရင်းအမြစ်ဌာန များသည် မြန်မာနိုင်ငံ၏ သဘာဝဘေး အန္တရာယ်မှ ခံနိုင်ရည်ရှိစေရန်ဆောင်ရွက်သည့် ရေရှည်လုပ်ငန်းစဉ်များတွင် အရေးပါသော ကဏ္ဍတစ်ခုအနေဖြင့် ပါဝင်ဆောင်ရွက်ခြင်းဖြင့် အဆိုပါသတင်းအချက်အလက်များကို ရေရှည် တည်တံ့စေနိုင်ပါသည်။

## ဖြစ်ရပ်လေ့လာချက်

**ကွမ်းခြံကုန်း၊ မြန်မာနိုင်ငံ –** ကွမ်းခြံကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် နောက် ၄၈ နာရီအတွင်း ကုန်းတွင်းသို့ ဝင်ရောက်နိုင်သည့် "မဟာစင်" ဆိုင်ကလုန်းမုန်တိုင်းနှင့်ပတ်သက်ပြီး မုန်တိုင်း အန္တရာယ်အသိပညာပေးခြင်းကို တိုးမြှင့်ဆောင်ရွက် သည့် အနေဖြင့် ၁၂-၅-၂၀၁၃ ရက်နေ့တွင် သင်္ဘောဆိပ်နှင့် သင်္ဘောများပေါ်တွင် မုန်တိုင်းနှင့်ပတ်သက်သည့် နောက် ဆုံးရ သတင်းများ၊ ဆောင်ရန်ရှောင်ရန် လက်ကမ်း စာစောင်များကို ဖြန့်ဝေပေးခဲ့ပါသည်။ ထို့အပြင် ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ရေး၊ကြိုတင်ပြင်ဆင် ရေးနှင့် ပတ်သက်သည့် ဗီနိုင်းပိုစတာများကို ကွမ်းခြံကုန်း မြို့ရှိ လူစည်ကားရာနေရာများတွင် ချိတ်ဆွဲပြသခဲ့ပါသည်။ ရေလုပ်သားများနှင့် ကမ်းရိုးတန်း တစ်လျှောက် နေထိုင် ကြသည့် ရပ်ရွာပြည်သူများသည် ဦးစီးဌာနမှ ရရှိသော သတင်းအချက်အလက်များကြောင့် မုန်တိုင်း အန္တရာယ် နှင့်ပတ်သက်ပြီး အများပြည်သူ၏ သိမြင်နားလည်မှု မြင့်မားလာသည်ဟု သိရှိရပါသည်။ ကြိုတင်ပြင်ဆင်ရေး လက်ကမ်းစာစောင်များနှင့် အခြား အဖိုးတန်သော သတင်း အချက်အလက်များ ဖြန့်ဝေခြင်းကဲ့သို့သော လုပ်ဆောင် ချက်များကြောင့် ရပ်ရွာ ပြည်သူများသည် ပိုမို ကြိုတင် ပြင်ဆင်နိုင်သဖြင့် ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေကို လျှော့ချနိုင်ခဲ့ပြီး ပျက်စီးဆုံးရှုံးမှုများ နည်းပါးခဲ့ပါသည်။

မဟာစင် မုန်တိုင်းကာလအတွင်း ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေ လျှော့ချရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ ခြင်းမှာ နာဂစ် ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခဲ့ပြီးနောက် စတင်ခဲ့သော လုပ်ငန်းများ၏ ရလဒ် ဖြစ်ပါသည်။ ၂၀၀၈ခုနှစ်တွင် ဘင်္ဂလားပင်လယ်အော်၌ ဖြစ်ပေါ်ခဲ့သော အဆင့်(၃)ရှိ နာဂစ်မုန်တိုင်းကြောင့် မြန်မာနိုင်ငံတွင် အပျက်အစီး များပြားစွာ ဖြစ်ပွားခဲ့ပြီး ထိခိုက်ဆုံးရှုံးမှုတန်ဖိုး အမေရိကန်ဒေါ်လာ (၄)ဘီလီယံဖိုးခန့် ရှိသည်ဟု ခန့်မှန်း ရပါသည်။ ထိုအချိန်မှစ၍ မြန်မာနိုင်ငံသည် အမျိုးသား အဆင့်မှသည် မြို့နယ်အဆင့်နှင့် ရပ်ရွာအဆင့်များအထိ ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာ လုပ်ငန်း အစီအစဉ်ရေးဆွဲခြင်းကို တိုးမြှင့်ဆောင်ရွက် ခဲ့ပါသည်။

ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာ လုပ်ငန်းများကို ဒေသန္တရအဆင့်နှင့် အမျိုးသားအဆင့်တို့တွင် ဆောင်ရွက်လျက်ရှိသဖြင့် ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာ တန်ဖိုးရှိသော သတင်းအချက်အလက်များသည် မြို့နယ်များတွင် အများအပြား ပေါ်ထွက်လာပါသည်။ အမျိုးသား အဆင့် လုပ်ငန်း စီမံချက်များ၊ မူဝါဒများမှအစ မြို့နယ်နှင့် ကျေးရွာအဆင့် ဘေးအန္တရာယ် စီမံခန့်ခွဲမှု လုပ်ငန်းစီမံချက်များ၊ ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာ ကဏ္ဍအလိုက် လမ်းညွှန်ချက်များနှင့် အများပြည်သူအား အသိပညာပေးခြင်းဆိုင်ရာ စာရွက်စာတမ်းများအထိ သတင်းအချက်အလက်များ များပြား စုံလင်စွာ ထွက်ပေါ်လာပြီး ဖြစ်ပါသည်။

လမ်းညွှန်ချက်များနှင့် စီမံချက်များ





လူထု အသိပညာပေးစာအုပ်စာတမ်းများ



ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာ စီမံကိန်းလုပ်ငန်းများ

## မြန်မာနိုင်ငံတွင် ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေ လျှော့ချရေးအား စနစ်တကျ ဆောင်ရွက်ခြင်း

ကွမ်းခြံကုန်းမြို့နယ်တွင် လုပ်ငန်းများ ဆောင်ရွက်ခြင်းမှာ မြန်မာ တစ်နိုင်ငံလုံးတွင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည့် ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေ လျှော့ချရေး လုပ်ငန်းများ ၏ တစ်စိတ်တစ်ဒေသ ဖြစ်ပါသည်။ မကြာသေးမီက ဘေး အန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာ အမျိုးသား အဆင့် ကြိုးပမ်းအားထုတ်မှုများကြောင့် မြန်မာနိုင်ငံ သဘာဝ ဘေး လျော့ပါးရေး လုပ်ငန်းစီမံချက် ကဲ့သို့သော အမျိုးသား အဆင့်မူဝါဒများနှင့် စီမံချက်များ ရေးဆွဲနိုင်ခဲ့ပြီး မြန်မာနိုင်ငံ၏ ပထမဆုံးသော သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေကိုလည်း ရေးဆွဲအတည်ပြုနိုင်ခဲ့ပါသည်။ ထို့အပြင် အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟို ကော်မတီနှင့် လုပ်ငန်းကော်မတီများ၊ ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေ လျှော့ချရေး လုပ်ငန်းအဖွဲ့ကဲ့သို့သော အဖွဲ့များ တည်ထောင်ခြင်းဖြင့် ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာ စီမံခန့်ခွဲရေး၊ သတင်း အချက်အလက် မျှဝေရေးနှင့် ဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲရေး ဆိုင်ရာ ကဏ္ဍများ တွင် ပိုမို တိုးတက်ကောင်းမွန်လာခဲ့ပါသည်။ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနသည် အဆိုပါ လုပ်ငန်းများကို အခြားဝန်ကြီးဌာနများ၊ ဦးစီးဌာန များနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်လျက်ရှိပါသည်။

ကွမ်းခြံကုန်းမြို့နယ် သတင်းအချက်အလက် အရင်းအမြစ်ဌာန ထူထောင်ခြင်း ကဲ့သို့သော ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေ လျှော့ချရေး ဆိုင်ရာ ရေရှည် လုပ်ငန်းများ ဆောင်ရွက်ခြင်းသည် ချမှတ်ထားသော မူဝါဒများကို ဒေသန္တရအဆင့်၌ လက်တွေ့ အကောင်အထည်ဖော်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ ဘေးအန္တရာယ် ကြောင့် ဆုံးရှုံးနိုင်ခြေ လျှော့ချရေး ဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ဖြစ်သည့် မြန်မာနိုင်ငံ သဘာဝဘေး လျော့ပါး ရေး လုပ်ငန်းစီမံချက်တွင်လည်း အဆိုပါ လုပ်ငန်းစီမံကိန်းကို ဖော်ပြထားပါသည်။

ကွမ်းခြံကုန်း မြို့နယ်တွင် ကနဦးအနေဖြင့် ဖွင့်လှစ်ထားသည့် သတင်းအချက်အလက် အရင်းအမြစ်ဌာနသည် ဘေး အန္တရာယ် ကြောင့် ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာ စနစ်တကျ ချဉ်းကပ် ဆောင်ရွက်မှုများနှင့်အညီ ကွမ်းခြံကုန်းမြို့နယ်တွင် ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ရှိ ဆောင်ရွက်လျက် ရှိသည့် သတင်းအချက်အလက် စီမံခန့်ခွဲမှု အစီအမံများ ပေါ်တွင် အခြေခံ၍ ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ စနစ်အသစ်များ တည်ထောင်ခြင်း မဟုတ်ဘဲ ရှိရင်း စနစ်များ အပေါ်တွင် သာ အခြေတည် ဆောင်ရွက်ခြင်းဖြစ်သည့်အပြင် ကုန်ကျစရိတ် နည်းနည်းဖြင့် ဆောင်ရွက်သည့် နည်းလမ်းဖြစ်ပြီး လက်ရှိ သတင်းအချက်အလက် စီမံခန့်ခွဲမှု အစီအမံများနှင့်လည်း ပိုမို အကျွမ်းတဝင်ရှိစေပါသည်။ ဤသို့ဖြင့် အခြားမြို့နယ်များ တွင်လည်း အလားတူ နည်းလမ်းဖြင့် ဆက်လက်ဆောင်ရွက် နိုင်မည်ဖြစ်ပါသည်။

NORWEGIAN MINISTRY OF FOREIGN AFFAIRS

adpc

ကွမ်းခြံကုန်းမြို့နယ်သည် မြန်မာနိုင်ငံ၏ အနောက်တောင်ဘက် အစွန်တွင် ကပ္ပလီပင်လယ်နှင့် ထိစပ်လျက် တည်ရှိပြီး ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေ လျှော့ချရေးလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်နေသော မြို့နယ်တစ်ခု ဖြစ်ပါသည်။ ကွမ်းခြံကုန်းမြို့နယ်သည် ၎င်း၏တည်နေရာအနေအထားကြောင့် ဆိုင်ကလုန်းမုန်တိုင်း အပြင် ရေလွှမ်းမိုးမှုများ၊ မီးလောင်ခြင်း၊ မုန်တိုင်းဒီရေတက်ခြင်း၊ ဆူနာမီရေလှိုင်းဖြစ်ပေါ်ခြင်းနှင့် ငလျင်လှုပ်ခြင်းအစရှိသည့် အန္တရာယ်များနှင့်လည်း ရင်ဆိုင်ရပါသည်။ မြို့နယ်အာဏာပိုင်များနှင့် ပြည်သူတို့သည် မိမိရပ်ရွာဒေသအတွင်း ကြုံတွေ့ရသော အန္တရာယ်များကို နားလည်သဘောပေါက်သည့်အတွက် ပိုမိုဘေးကင်း လုံခြုံပြီး ဘေးအန္တရာယ်မှ ခံနိုင်ရည်ရှိသော ရပ်ရွာများ ဖြစ်စေရန် နိုင်ငံတော်အစိုးရနှင့်လည်းကောင်း၊ ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်သည့် မိတ်ဖက်အဖွဲ့အစည်းများနှင့်လည်းကောင်း အစဉ်တစိုက် ပူးပေါင်း ဆောင်ရွက်ခဲ့ကြ ပါသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာမှ ယခုအခါတွင် မြို့နယ်အဆင့် ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေ လျှော့ချရေး လုပ်ငန်းဆောင်ရွက်မှုများနှင့် ရပ်ရွာအခြေပြု လုပ်ငန်းဆောင်ရွက်မှုများအကြား သတင်းအချက်အလက် ချိတ်ဆက် မှုများ တည်ဆောက်ပေးရန် လိုအပ်လျက်ရှိကြောင်း သတိပြုမိကြပါသည်။ နိုင်ငံတော်အစိုးရနှင့်အတူ ဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်နေသော အဖွဲ့အစည်းများကလည်း မြို့နယ်အတွင်းတွင် သတင်းအချက်အလက် အရင်းအမြစ် ဌာန တစ်ခု တည်ထောင်ခြင်းအားဖြင့် သတင်းအချက်အလက် မျှဝေမှု တိုးတက်ကောင်းမွန်စေရေးနှင့် ကွမ်းခြံကုန်း မြို့နယ်ရှိ ဌာနဆိုင်ရာများနှင့် မြို့နယ်တွင်း နေထိုင်သူများ သတင်းအချက်အလက် အလွယ်တကူ ရယူနိုင်စေရေး တို့ကိုရည်သန်လျက် အမျိုးသားအဆင့်၊ မြို့နယ်အဆင့်နှင့် ရပ်ရွာအဆင့်များအကြား ကွာဟချက်ကို ပေါင်းကူး ဆက်သွယ်ဆောင်ရွက်ပေးခြင်း ဖြစ်ပါသည်။

> “ဒေသခံ သတင်းအချက်အလက်မျှဝေတဲ့ အစီအစဉ်တွေ လုပ်ပေးတာဟာ အများသိစေဖို့ ထိရောက်တဲ့ နည်းလမ်း ဖြစ်တယ်လို့ ထင်ပါတယ်။ အခု သတင်းအချက်အလက်တွေ အများအပြား ရနိုင်ပြီ ဖြစ်ပါတယ်။ မူဝါဒကို လက်တွေ့ ကျင့်သုံးဖို့ ဆိုရင် သတင်းအချက်အလက် အရင်းအမြစ်ဌာန တစ်ခုမှာ သတင်းအချက်အလက်တွေကို အလွယ်တကူ ရယူကြည့်နိုင်ဖို့ လိုပါတယ်”
>
> ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်ငွေက ရှင်းလင်း ပြောကြားပါသည်။

အလွယ်တကူ ရယူကြည့်ရှုနိုင်သော သတင်းအချက်အလက် မျှဝေသည့် စနစ်တစ်ရပ် ရှိခြင်းဖြင့် မြန်မာနိုင်ငံ၏ ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေ လျှော့ချရေး လုပ်ငန်းများကို ကြီးမားစွာ အထောက်အကူပြုနိုင်ပြီး အမျိုးသား အဆင့်နှင့် မြို့နယ်အဆင့် လုပ်ငန်းများကို ချိတ်ဆက်ပေးနိုင်ပါမည်။ ထို့အပြင် ဤကဲ့သို့ သတင်းအချက်အလက် မျှဝေရေး လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် အခြားသော ဒေသတွင်း နိုင်ငံများအတွက် နည်းနာယူနိုင်မည့် အခွင့်အလမ်းတစ်ရပ် ဖြစ်စေနိုင်ပါသည်။

“မြို့နယ်အဆင့်နဲ့ ကျေးရွာအဆင့်မှာ ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာ သတင်း အချက်အလက် ချိတ်ဆက်မှုတွေ၊ ဆွေးနွေးမှုတွေ ပြုလုပ်ဖို့ ရေရှည်ဆောင်ရွက်နိုင်မယ့် အစီအမံ လိုအပ်ပါတယ်”ဟု ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးချမ်းဟရဲ က ပြောကြားပါသည်။

ကွမ်းခြံကုန်းမြို့နယ်တွင် စမ်းသပ်မြို့နယ်အဖြစ် ဆောင်ရွက်ခြင်းဖြစ်ပြီး အခြားမြို့နယ်များ၌လည်း ထပ်မံတိုးချဲ့ ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ ဌာနဆိုင်ရာများနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်သူ မိတ်ဖက်အဖွဲ့အစည်းများ သည် ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာ ပထမဆုံးသော မြို့နယ်အဆင့် သတင်း အချက်အလက် အရင်းအမြစ်ဌာနကို တည်ထောင်ခြင်းဖြင့် မြို့နယ်၏ ဘေးအန္တရာယ် စီမံခန့်ခွဲမှု လုပ်ငန်း စီမံချက်များ အကြောင်းကို အများပြည်သူအား သိရှိနားလည်စေသည့်အပြင် သတင်းအချက်အလက် မျှဝေမှု တိုးတက်ကောင်းမွန်စေမည့် စနစ်တစ်ရပ်ကိုလည်း တည်ထောင်နိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကွမ်းခြံကုန်းမြို့နယ်တွင် သတင်းအချက်အလက် အရင်းအမြစ်ဌာနမှတဆင့် မြို့နယ်အဆင့် သတင်းအချက်အလက် မျှဝေမှုများကို ရေရှည် ဆောင်ရွက်နိုင်ပြီး မြို့နယ်ဦးစီးဌာနများနှင့် ရပ်ရွာပြည်သူများအကြား ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှု တိုးမြှင့်လာ မည်ဖြစ်ပါသည်။ ၎င်းဆောင်ရွက်မှုများသည် ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ရန်အတွက် အရေးပါသည့် လုပ်ငန်းရပ်များ ဖြစ်ပါသည်။

“ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာ သတင်းအချက်အလက်တွေကို အများပြည်သူ ရယူနိုင်ဖို့ဆိုရင် ဌာနတစ်ခုရှိဖို့က အဓိကကျပါတယ်” ဟု ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ငွေက ပြောကြားပါသည်။ “အစဉ်အလာအားဖြင့် မြန်မာနိုင်ငံမှာ စာကြည့်တိုက်တွေဟာ လူအများ စုဝေးကြတဲ့ နေရာတွေပါ။ လူထုက စိတ်ဝင်စားပါတယ်။ ဒီအချက်အလက်တွေကို ရယူ ကြည့်ရှုနိုင်အောင် လုပ်ပေးဖို့က ကျွန်တော်တို့ တာဝန်ဖြစ်ပါတယ်” ဟုလည်း ဆက်လက်ပြောကြားပါသည်။

## အရင်းအမြစ်ဌာနတည်ထောင်သည့်စနစ် - လက်ရှိဆောင်ရွက်နေသည့် ဖွဲ့စည်းဆောင်ရွက်မှုများဖြင့် ဆက်လက်ဆောင်ရွက်ခြင်း

ဒေသတွင်းရှိ အခြားနိုင်ငံများမှ သတင်းအချက်အလက် မျှဝေသည့်စနစ်များကို ပြန်လည်သုံးသပ်ပြီး အားသာချက် အားနည်းချက်များအပေါ် အခြေခံ၍ ဤလုပ်ငန်းကို စတင်ခဲ့ပါသည်။ ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာ စာအုပ်စာတမ်းများကို အဓိကထားသော သတင်းအချက်အလက် အရင်းအမြစ် ဌာနများမှာ အလွန်နည်းပါးကြောင်းကိုလည်း တွေ့ရှိရပါသည်။ အခြားနိုင်ငံများတွင် သတင်းအချက်အလက် အရင်းအမြစ် ဌာနများ တည်ထောင်ထားသော်လည်း များသောအားဖြင့် စီမံကိန်းတစ်ခုခုနှင့်သာ ဆက်စပ်ဆောင်ရွက်ခြင်းဖြစ်ပြီး လက်ရှိ ဆောင်ရွက်နေသည့် ဖွဲ့စည်းဆောင်ရွက်မှုစနစ်များတွင် ပေါင်းစပ်ပါဝင်ခြင်းမရှိပဲ သီးခြားဖြစ်နေတတ်ပါသည်။ ထို့ကြောင့် စီမံကိန်း ပြီးစီးသောအခါ ၎င်း သတင်းအချက်အလက် အရင်းအမြစ်ဌာနများ၏ ရေရှည်တည်တံ့နိုင်မှုမှာ မသေချာ မရေရာဘဲ ရှိတတ်ပါသည်။

သို့ရာတွင် မြန်မာနိုင်ငံ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျက် ရှိသည့် အလွန်ကောင်းမွန်သည့် သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ်သည် နိုင်ငံတစ်ဝန်းတွင် ရှိနေပါသည်။ ဦးစီးဌာနသည် မြို့များရှိ စာကြည့်တိုက်များနှင့် လူသုံးများသော ရွေ့လျားစာကြည့်တိုက်များ ကဲ့သို့သော ရှိရင်း အသိပညာပေးသည့် နေရာဌာနများ၏ လုပ်ငန်းများကို စီမံခန့်ခွဲပါသည်။ ရွေ့လျားစာကြည့်တိုက်များမှာ အိမ်တိုင်ရာရောက် စာအုပ်ငှားရမ်းခြင်းနှင့် သတင်းအချက်အလက် ဖြန့်ဝေခြင်း စနစ်ဖြစ်ပြီး သွားလာရေး ခက်ခဲ သော ကျေးရွာများသို့ သတင်းအချက်အလက် အရင်းအမြစ်များကို ရောက်ရှိစေပါသည်။ ဤကဲ့သို့သော ဦးစီးဌာနမှ လက်ရှိလည်ပတ်နေသည့် စနစ်များနှင့် ပိုင်ဆိုင်ပစ္စည်းများကို အသုံးပြု၍ ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေ လျှော့ချရေးအတွက် သတင်းအချက်အလက် အရင်းအမြစ်ဌာန တည်ထောင်နိုင်မည် ဖြစ်ကြောင်းကို တိုင်ပင်ဆွေးနွေးချက်များမှ တွေ့ရှိရပါသည်။

သို့ပါ၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် အဓိကဦးစီးဌာနအနေဖြင့် ဤသတင်းအချက်အလက် အရင်းအမြစ်ဌာန၏ သတင်း အချက်အလက် စီမံခန့်ခွဲမှုကို ကိုင်တွယ်ဆောင်ရွက်ပါသည်။ ထို့အပြင် သဘာဝအန္တရာယ်များနှင့်ပတ်သက်၍ အများပြည်သူတို့၏ သိရှိနားလည်မှုကို မြင့်မားလာစေခြင်း၊ ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးအတွက် နယ်မြေခံ အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို လိုအပ်သလို ဆောင်ရွက်ပေးပါသည်။ ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနှင့်ပတ်သက်သည့် အသိပညာပေးစာအုပ် စာတမ်းများကို ဦးစီးဌာနအနေဖြင့် တက်ကြွစွာ ရှာဖွေဖော်ထုတ်ပြီး ကွမ်းခြံကုန်းမြို့နယ်ရှိ သတင်းအချက်အလက် အရင်းအမြစ် ဌာနတွင် ထားရှိပေးပါသည်။ အပြန်အလှန်အားဖြင့် မြို့နယ်အတွင်းရှိ အခြားဦးစီးဌာနများကလည်း ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနှင့် ပတ်သက်သော စာအုပ်စာတမ်းများ ရရှိလာသောအခါ မျှဝေရန် သဘောတူညီကြပါသည်။

“ကွမ်းခြံကုန်းမြို့နယ် သတင်းအချက်အလက် အရင်းအမြစ်ဌာန တည်ထောင်တဲ့ အဓိက အားသာချက် တစ်ခုကတော့ ရှိပြီးသား စနစ်တွေနဲ့ ပူးပေါင်းပြီး လုပ်ဆောင်တာပဲ ဖြစ်ပါတယ်” ဟု ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနမှ ရန်ကုန်တောင်ပိုင်းခရိုင်ဦးစီးမှူး ဦးလှမျိုးအောင် က ရှင်းလင်းပြောကြားပါသည်။ “မြို့နယ်မှာ အရင်းအမြစ်ဌာန ဖွင့်လိုက်တဲ့အခါ အစိုးရပိုင် အစီအမံလည်း ဖြစ်တယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ဆောင်ရွက်တဲ့ လုပ်ငန်းလည်း ဖြစ်တယ်ဆိုတော့ ဒေသရဲ့စနစ်တွေ အားကောင်း သွားပါတယ်။ ဒီချဉ်းကပ်ပုံက ရေရှည်ဆောင်ရွက်နိုင်မှုကို အားပေးပြီး နိုင်ငံအတွင်း အခြားမြို့နယ်တွေမှာ အလားတူ ဆောင်ရွက်ဖို့ ဖြစ်နိုင်ခြေလည်း များသွားပါတယ်” ဟု ဆက်လက်ပြောကြားပါသည်။

သတင်းအချက်အလက် အရင်းအမြစ်ဌာန၏ ရည်မှန်းချက်တစ်ရပ်မှာ အခြားမြို့နယ်များတွင်လည်း ဆင့်ပွား ဆောင်ရွက်နိုင်သော စနစ်တစ်ခု တည်ထောင်ရန် ဖြစ်ပါသည်။ နိုင်ငံတစ်ဝန်းရှိ အခြားမြို့နယ်များတွင်လည်း ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာ အသိပညာများ ကျယ်ပြန့်လာစေရန် ဖြစ်ပါသည်။ ထို့ကြောင့် ဤသတင်းအချက်အလက် အရင်းအမြစ်ဌာန၏ နမူနာပုံစံကို ဆင့်ပွားယူနိုင်ရန်၊ အခြားမြို့နယ်များ ကိုလည်း တိုက်တွန်းအားပေးရန်နှင့် လမ်းညွှန်ပေးနိုင်ရန်ရည်ရွယ်၍ မူဝါဒနှင့် လမ်းညွှန်မှတ်စုများကို ပြုစုထားပါ သည်။



ကွမ်းခြံကုန်းမြို့နယ်ရှိ ဌာနဆိုင်ရာ အရာရှိများမှ သတင်းအချက်အလက် အရင်းအမြစ်ဌာနထူထောင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းကြစဉ်

## စာအုပ်စာတမ်းများကို မြို့နယ်ဦးစီးဌာနများနှင့် အများပြည်သူ အသုံးပြုနိုင်ရန် စီစဉ်ခြင်း

သတင်းအချက်အလက် အရင်းအမြစ်ဌာနတွင် နိုင်ငံတော်အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက ထုတ်ဝေသော ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနှင့် သက်ဆိုင်သည့် စာအုပ်စာတမ်း အမျိုးမျိုးကို ထားရှိပါသည်။ စာအုပ်စာတမ်းများမှာ လမ်းညွှန်ချက်များနှင့် လုပ်ငန်းစီမံချက်များ (မြန်မာနိုင်ငံ သဘာဝဘေး လျှော့ပါးရေး လုပ်ငန်းစီမံချက်၊ မြို့နယ် သဘာဝဘေး စီမံခန့်ခွဲမှု စီမံချက်၊ ကျေးရွာ သဘာဝဘေး စီမံခန့်ခွဲမှု စီမံချက်) မှအစပြု၍ ပိုစတာများ၊ စာအုပ်ငယ်များ၊ လက်စွဲစာအုပ်များ ကဲ့သို့သော အများပြည်သူအား အသိပညာ ပေးသည့် စာအုပ်စာတမ်းများ ပါဝင်ပါသည်။ ထို့အပြင် နောင်အခါ လုပ်ငန်းစီမံချက် ရေးဆွဲရေးရာတွင် ပိုမိုပြည့်စုံကောင်းမွန်စေရန် ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေ လျှော့ချရေး စီမံချက်များနှင့် လုပ်ငန်း ဆောင်ရွက်မှု ဆိုင်ရာ အချက်အလက်များကိုလည်း ရရှိနိုင်ပါသည်။

“ပြည်တွင်းက အစိုးရမဟုတ်တဲ့အဖွဲ့အစည်းတွေ၊ ဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်သူတွေ၊ အစိုးရအဖွဲ့အစည်းတွေနဲ့ ကွမ်းခြံကုန်းမှာ ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေ လျှော့ချရေး လုပ်ငန်းဆောင်ရွက်နေသူတွေက သူတို့ရရှိထားတဲ့ အချက်အလက်တွေကို ဒီအရင်းအမြစ်ဌာနကို မျှဝေပေးဖို့ လိုပါတယ်” ဟု ကွမ်းခြံကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နန်းဆွေနွယ်ဦး က ပြောကြားပါသည်။

မြို့နယ်နှင့်သီးခြားသက်ဆိုင်သော စာရွက်စာတမ်းများကို ထားရှိပေးခြင်းဖြင့် ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေ လျှော့ချရေး လုပ်ငန်းကို အများပြည်သူ ပိုမို၍ သတိပြုလာကြမည်ဟု မျှော်လင့်ပါသည်။ “စာကြည့်တိုက်ကို လာပြီး စာမြည်းသူတွေအနေနဲ့ မြို့နယ် သဘာဝဘေး စီမံခန့်ခွဲမှု စီမံချက်တွေ၊ ကျေးရွာ အန္တရာယ် ကျရောက်နိုင်မှု အကဲဖြတ်ချက်တွေနဲ့ လုပ်ငန်းဆောင်ရွက်တဲ့ နေရာတွေ တည်နေရာအလိုက် အများ ပြည်သူ သိမြင်နားလည်မှုကို ရှာဖွေနိုင်မယ်၊ စာမြည်းနိုင်မယ်” ဟု ဦးစီးအရာရှိ ဒေါ်နန့်ဆွေနွယ်ဦးက အကျယ်တဝင့် ပြောကြားပါသည်။

ကွမ်းခြံကုန်းမြို့နယ်ရှိ သတင်းအချက်အလက် အရင်းအမြစ်ဌာနသည် စာကြည့်တိုက်၏ ရှိရင်း စာအုပ်ဘီရိုများနှင့် ရရှိနိုင်သော ပရိဘောဂများကို အသုံးပြုထားပါသည်။ ဖွင့်လှစ်ချိန်အတွင်း စာကြည့်တိုက်ဝန်ထမ်းတစ်ဦး တာဝန်ချထားပြီး စာဖတ်သူများ အလိုရှိသော စာအုပ်စာတမ်းကို ရှာဖွေပေးပါသည်။ ထို့အပြင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအနေဖြင့်လည်း သတင်းအချက်အလက် စီမံခန့်ခွဲမှုအတွက် စနစ်တကျ ချဉ်းကပ်မှု၏ အရေးပါပုံကို အသိအမှတ်ပြုပါသည်။ စာအုပ်စာရင်းများ၊ စာကြည့်တိုက် အသုံးပြုသူများ လက်မှတ်ရေးထိုးနိုင်ရန် မှတ်တမ်းစာအုပ်၊ စာအုပ်စာတမ်း လှူဒါန်းသူများအတွက် မှတ်တမ်းစနစ် အစရှိသော ကုန်ကျစရိတ်မရှိဘဲ ရိုးရှင်းသည့် အသိပညာ စီမံခန့်ခွဲမှု နည်းလမ်းများကို စာကြည့်တိုက်ဝန်ထမ်းများက အသုံးပြုပြီး ဤအရင်း အမြစ်ဌာနကို စနစ်တကျ ရှိစေရန် ဆောင်ရွက်ထားပါသည်။ စာကြည့်တိုက်သို့ လာရောက်ကြသူများ၏ ဝေဖန် အကြံပြုချက်များကို ရေးသားနိုင်သည့် အကြံပြုချက်မှတ်တမ်းစာအုပ်ကိုလည်း ထားရှိပါသည်။ မှတ်တမ်းစာအုပ်ပါ အကြံပြုချက်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ အစီရင်ခံတင်ပြခြင်းဖြင့် အရင်းအမြစ်ဌာနကို ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ပါသည်။

### ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာ မြို့နယ် သတင်းအချက်အလက် အရင်းအမြစ် ဌာနမှ ရရှိနိုင်သော အကျိုးကျေးဇူးများ

**မြို့နယ်အတွက်** - ကျေးရွာများနှင့်အတူ မြို့နယ်အဆင့်၌ သတင်းအချက်အလက်ချိတ်ဆက်ခြင်းနှင့် ရေရှည် ညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေကို လျှော့ချပေးနိုင်ခြင်း၊ မြို့နယ်နှင့်ကျေးရွာ သဘာဝဘေး စီမံခန့်ခွဲမှု လုပ်ငန်းစီမံချက်များကို ထင်သာမြင်သာရှိစေနိုင်ခြင်း

**အမျိုးသားအဆင့်နှင့်တိုင်းဒေသကြီး/ပြည်နယ်အစိုးရများအတွက်**- ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေ လျှော့ချရေး ဆိုင်ရာ သတင်းအချက်အလက်အရင်းအမြစ်များ မျှဝေရာ အစိုးရပိုင်ဌာနဖြစ်ခြင်း၊ ပြည်သူလူထုနှင့် မြို့နယ်အာဏာပိုင်များအနေဖြင့် အဆိုပါ သတင်းအချက်အလက်များကို အလွယ်တကူ ရယူဖတ်ရှုနိုင်ခြင်း၊ မြို့နယ်များတွင် ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမို လိုက်လျောညီထွေရှိမည့် ချဉ်းကပ်မှုဖြစ်ခြင်း

**ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့်အလှူရှင်များအတွက်**- မြို့နယ်အလိုက် ပြုစုရေးဆွဲထားသော ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာ အရေးကြီးသည့် သတင်းအချက်အလက်များ၊ စာအုပ်စာတမ်းများသည် စီမံကိန်းများ အကောင်အထည်ဖော်ပြီးသွားသော်လည်း အဆိုပါ သတင်းအချက် အလက်များ၊ စာအုပ်စာတမ်းများသည် ပျောက်ပျက်မသွားပဲ ကျယ်ပြန့်စွာ မျှဝေပေးနိုင်ခြင်း